The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၃) ၊ မတ်လ ၃၁ ၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# စစ်ကောင်စီ၏ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆီအုန်း ခြံလုပ်သား (၂) ဦး သေဆုံး




**မတ် ၂၆၊ ၂၀၂၅**

၂၀၂၅ မတ်လ (၂၄) ရက်နေ့တွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ချောင်းလမုကျေးရွာရှိ "ကျော်မော်-၁၉ ဆီအုန်းကုမ္ပဏီ" ၏ စိုက်ခင်းအတွင်းသို့ စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ပေါင် (၅၀၀) ဗုံး (၂) လုံး ကြဲချတိုက်ခိုက်ခဲ့သည်။

ဆက်လက်ဖတ်ရှုရန် .......... စာမျက်နှာ (၆) သို့ >>>>

## Hots News

### စစ်မှုထမ်းသင်တန်းသားများ၏ ရင်ဖွင့်စကားသံများ




စာမျက်နှာ ၇

### ကော့ကရိတ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား (၂) ဦး သေဆုံး




စာမျက်နှာ ၁၄

### စီမံကိန်းမှမြေသယ်ကားများ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲ ဖြစ်



စာမျက်နှာ ၁၅

## အတွင်းဘက်မှာ ဖတ်ရှုရန်

1. အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်သူများ ဖမ်းဆီးခံရမှု စံချိန်တင်
စာမျက်နှာ- ၁၂

2. မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၆

3. ၂၀၂၅ ဇန်နဝါရီလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၇

4. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ- ၂၃


HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# စစ်ကောင်စီက ပြည်သူများကို ပစ်မှတ်ထားပြီး လေကြောင်း တိုက်ခိုက်မှု ပိုမိုလုပ်ဆောင်လာ

## (၂၀၂၅ မတ်လအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၃) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန် တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ မတ်လတွင် မြို့နယ် (၁၆) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၄၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

မြေပြင်စိုးမိုးမှု အားနည်းလာသည့် စစ်ကောင်စီက ၂၀၂၅ ဇန်နဝါရီလမှ မတ်လတတိယ အပတ်အထိ လေကြောင်းတိုက်ခိုက်မှုများ ခပ်စိတ်စိတ်လုပ်ဆောင်လာကြောင်း ဒေသခံ များက ပြောသည်။ အထူးသဖြင့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှု အများအပြားလုပ်ဆောင်ခဲ့သည်။

တိုက်ပွဲလည်း မရှိဘူး။ တမင်သက်သက် လေယာဉ်နဲ့ ဗုံးကြဲသွားတာ။ မတ်လ ၃ ရက်နေ့က လည်း လာကြဲသွားတယ်။ အခုတလော လေယာဉ်က နေ့တိုင်းဝဲနေတယ်။ အခြေအနေက သိပ်မ ကောင်းဘူး

စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့် ရေဖြူ၊ ထုံခါ၊ ချောင်းနှစ်ပေါက်၊ သိန်ခွန်း၊ ချောင်းလမုနှင့် ကွမ်းသီးတောကျေးရွာများမှ ဒေသခံပြည် သူများသည် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေရပြီး စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့ နေရသည်။

တနင်္သာရီတိုင်းတွင် တနင်္သာရီမြို့နယ်အပါအဝင် လောင်းလုံး၊ ထားဝယ်၊ မြိတ်နှင့် ပုလော မြို့နယ်များတွင်လည်း လေယာဉ်ပျံသန်းမှု အကြိမ်အရေအတွက် ပိုမိုများပြားလာနေ ကြောင်း ဒေသခံများက ပြောသည်။

**"တိုက်ပွဲလည်း မရှိဘူး။ တမင်သက်သက် လေယာဉ်နဲ့ ဗုံးကြဲသွားတာ။ မတ်လ (၃) ရက်နေ့ ကလည်း လာကြဲသွားတယ်။ အခုတလော လေယာဉ်က နေ့တိုင်းဝဲနေတယ်။ အခြေအနေ က သိပ်မကောင်းဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၅ မတ်လ (၄) ရက်နှင့် (၅) ရက်နေ့များတွင် စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်တောင်ပိုင်းရှိ ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ကလေးငယ် (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

စစ်ကောင်စီတပ်က လက်နက်ကြီး၊ ဒရုန်းနှင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် ကော့ကရိတ်မြို့အနီးရှိ ကော့နွဲ၊ တတံကူ၊ ရန်ကုတ်နှင့် ဆင်ကုန်းကျေးရွာများမှ နေအိမ်အလုံး (၁၀၀) ကျော် မီးလောင်ပျက်စီးခဲ့ပြီး ဖြစ်သည်။

**“မနေ့က (မတ်လ (၄) ရက်နေ့) နေ့လည်လောက်မှာ လေယာဉ် (၃) စီး ဖြတ်သွားတာ တွေ့လိုက်တယ်။ မကြာဘူး၊ ဗုံးပေါက်တဲ့အသံ ကြားရတယ်။ ဒုံးကျည် (၃) လုံး ပစ်တာ (၁) လုံးပဲ ပေါက်ကွဲခဲ့တယ်။ ဒေသခံ (၂) ယောက် ထိပြီးတော့ ဆိုင်ကယ် (၁) စီးလည်း ပျက်စီးသွားတယ်”** ဟု အနီးအနားတွင်နေထိုင်သည့် ပြည်သူတစ်ဦးက ပြောသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ မတ်လ

**“မနေ့က (မတ်လ (၄) ရက်နေ့) နေ့လည်လောက်မှာ လေယာဉ် (၃) စီး ဖြတ်သွားတာ တွေ့လိုက်တယ်။ မကြာဘူး၊ ဗုံးပေါက်တဲ့အသံ ကြားရတယ်။ ဒုံးကျည် (၃) လုံး ပစ်တာ (၁) လုံးပဲ ပေါက်ကွဲခဲ့တယ်။ ဒေသခံ (၂) ယောက် ထိပြီးတော့ ဆိုင်ကယ် (၁) စီးလည်း ပျက်စီးသွားတယ်”**

# စစ်ကောင်စီ၏ တပ်မတော်နေ့က ဓမ္မသတ်ဒေသခံများ၏ အတိတ်ဆိုးကို အမှတ်ရစေသည်



**မတ် ၂၇၊ ၂၀၂၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာသည် မွန်နှင့်ကရင်ပြည်နယ်အစပ်တွင် တည်ရှိပြီး စိမ်းစိုသောသစ်တောများ ဝန်းရံထားသည့် ကျေးရွာတစ်ရွာ ဖြစ်သည်။ ဂျိုင်းမြစ်အနီးတွင် တည်ရှိပြီး ပျဉ်ထောင်အိမ်၊ အုတ်တိုက်အိမ်ကြီးများဖြင့် စီးပွားရေးကောင်းမွန်သည့် ကျေးရွာလည်း ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း တန်ဆောင်တိုင်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

အိမ်ခြေ (၁,၀၀၀) ကျော်ရှိသည့် ဓမ္မသကျေးရွာကို ၂၀၂၄ မတ်လ (၂၇) ရက်နေ့ (၇၉) ကြိမ်မြောက် တပ်မတော်နေ့ ညနေပိုင်း စစ်ကောင်စီက မီးလောင်တိုက်သွင်းခဲ့သည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာရဲစခန်းကို တော်လှန်ရေးအင်အားစုများထံ ဆုံးရှုံးလိုက်ရပြီးနောက် စစ်ကောင်စီက အနီးအနားရှိ ဓမ္မသကျေးရွာကို စစ်သင်္ဘောမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခြင်းများ ပြုလုပ်ကာ ကျေးရွာတစ်ခုလုံးနီးပါးကို မီးလောင်ပျက်စီးစေခဲ့သည်။

(၂) ရက်တာ လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ် (၃၆၂) လုံး မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၁,၅၀၀) ကျော် မီးဘေးသင့်ခဲ့သည်။ ဂျိုင်းမြစ်ဒေသခံ (၆,၀၀၀) နီးပါးသည်လည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ယနေ့ မတ်လ (၂၇) ရက်နေ့သည် အနှစ် (၈၀) ပြည့် တပ်မတော်နေ့ ဖြစ်ပြီး ဓမ္မသကျေးရွာတစ်ရွာလုံးကို စစ်ကောင်စီက မီးလောင်တိုက်သွင်းခဲ့သည့် နှစ်ပတ်လည်နေ့လည်း ဖြစ်သည်။



ယခုနှစ် တပ်မတော်နေ့မတိုင်မီတွင် စစ်ကောင်စီတပ်က ဓမ္မသကျေးရွာတွင် အင်အားဖြည့်တင်းထားပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းတွင်လည်း လက်နက်ကြီးများ တပ်ဆင်ထားသည်။ ၎င်းပြင် ဂျိုင်းမြစ်တလျှောက်တွင်လည်း စစ်သင်္ဘောများ သွားလာလှုပ်ရှားနေသည်။ တော်လှန်ရေးတပ်ဖွဲ့ဝင်များ သွားလာလှုပ်ရှားနေသည်ဟု ၎င်းတို့ထင်မြင်ယူဆသည့် ကျေးရွာများကို လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်နေဆဲ ဖြစ်သည်။

၂၀၂၅ မတ်လ (၂၆) ရက်နေ့ ညနေပိုင်းတွင်လည်း လက်နက်ကြီးပစ်ခတ်သံများကို ကြားသိနေရသဖြင့် ဒေသခံပြည်သူများသည် ၎င်းတို့၏နေအိမ်များ မီးလောင်တိုက်သွင်းခံရသည့်မြင်ကွင်းကို အသစ်တဖန် ပြန်လည်မြင်ယောင်လာကြသည်။

**"ဒီလိုရက်မျိုးရောက်လာရင် ဘာဖြစ်မလဲမသိဘူးဆိုတဲ့ စိုးရိမ်စိတ်တွေ ခံစားရတယ်။ စစ်သားတွေက ရွာထဲမှာ ခုထိရှိနေတုန်းပဲ။ ပိုတောင် များလာသေးတယ်။ သူတို့တွေက လက်နက်ကြီးတွေ ဗုံးတွေ ထပ်ပစ်ဦးမလားမသိဘူး"** ဟု ဓမ္မသဒေသခံတစ်ဦးက ပြောသည်။

ဂျိုင်းမြစ်ဒေသတွင် တိုက်ပွဲများငြိမ်သက်နေသည်မှာ (၁) နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း စစ်ကောင်စီတပ်က ကျေးရွာများတွင် ဝင်ရောက်တပ်စွဲခြင်းနှင့် လက်နက်ကြီးပစ်ခတ်နေခြင်းတို့ကြောင့် စစ်ဘေးရှောင်ပြည်သူအများစု နေရပ်ပြန်နိုင်ခြင်း မရှိသေးချေ။

၂၀၂၅ မတ်လ တတိယအပတ်မှစတင်ကာ ဂျိုင်းမြစ်ရှိ စစ်ကောင်စီ၏ စစ်သင်္ဘောက လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်နေသဖြင့် ဒေသခံပြည်သူများမှာ သတိထားသွားလာနေကြရကြောင်း သိရသည်။

**"လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်နေပြန်ပြီ။ တပ်မတော်နေ့ကလည်း နီးလာပြီ။ ဟိုတနေ့က ရွာကို ပြန်တာ၊ ဘုန်းကြီးကျောင်းမှာ လက်နက်ကြီးတပ်ထားတာ တွေ့ခဲ့တယ်"** ဟု ဓမ္မသဒေသခံတစ်ဦးက ပြောသည်။



လွန်ခဲ့သည့်နှစ်ပေါင်း (၃၀) ကျော်ကာလကလည်း ဓမ္မသကျေးရွာကို ဗမာစစ်တပ်က ရွာလုံးကျွတ်ပြာကျအောင် မီးရှို့ဖျက်စီးခဲ့ဖူးသည်။ ၎င်းနောက် ဒေသခံပြည်သူများက ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ခြင်းနှင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ခြင်းမှတဆင့် ရရှိလာသည့် ငွေကြေးများဖြင့် ကျေးရွာကို အသစ်တဖန် ပြန်လည်တည်ထောင်ခဲ့သည်။

ယခုအခါတွင်လည်း သာယာလှပသည့် ဓမ္မသကျေးရွာကို စစ်တပ်က နောက်တစ်ခေါက် ထပ်မံမီးရှို့ဖျက်ဆီးခဲ့ပြန်သည်။ ဆိုးရွားလှသည့် နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေအောက်တွင် မည်သည့်အချိန်တွင် ကျေးရွာကို အသစ်တဖန် ပြန်လည်တည်ထောင်နိုင်မည်ကို မည်သူမျှ မသိနိုင်ချေ။

ကျေးရွာကို ပြန်လည်တည်ဆောက်နိုင်သည့်တိုင် ဓမ္မသဒေသခံများ၏ နာကျည်းမှုနှင့် ဝမ်းနည်းကြေကွဲမှုများက တပ်မတော်နေ့ရောက်တိုင်း အသစ်တဖန်ပြန်လည်နိုးထလာမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။



# စစ်ကောင်စီ၏ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆီအုန်းခြံလုပ်သား (၂) ဦး သေဆုံး

**မတ် ၂၆၊ ၂၀၂၅**

၂၀၂၅ မတ်လ (၂၄) ရက်နေ့တွင် တနင်္သာရီတိုင်း တနင်္သာရီ မြို့နယ် ချောင်းလမုကျေးရွာရှိ "ကျော်မော်-၁၉ ဆီအုန်းကုမ္ပဏီ" ၏ စိုက်ခင်းအတွင်းသို့ စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ပေါင် (၅၀၀) ဗုံး (၂) လုံး ကြဲချတိုက်ခိုက်ခဲ့သည်။

ဗုံးသီး (၂) လုံးသည် ဆီအုန်းကုမ္ပဏီဝင်းအတွင်းရှိ အလုပ်သမား တန်းလျားပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် အသက် (၃၅) နှစ်နှင့် အသက် (၄၀) အရွယ် အမျိုးသား (၂) ဦး သေဆုံးပြီး (၇) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

**"အလုပ်သမား (၇) ယောက်ရဲ့ ဒဏ်ရာက ပြင်းထန်လား မပြင်းထန်ဘူးလားဆိုတာ အခုချိန်အထိ မသိရသေးဘူး။ (၂) ယောက်ကတော့ ပွဲချင်းပြီးပဲ"** ဟု ချောင်းလမုရွာသားတစ်ဦးက ပြောသည်။

"ကျော်မော်-၁၉ ဆီအုန်းကုမ္ပဏီ" တွင် ဆီအုန်းခြံလုပ်သား (၅၀) ကျော် ရှိပြီး အနီးအနားဝန်းကျင်ကို စစ်တပ်က လက်နက်ကြီးဖြင့် မကြာခဏ ပစ်ခတ်နေဖြင့် အဆိုပါလုပ်သားများက မကြာခဏတိမ်းရှောင်နေရ သည်။

**"တိုက်ပွဲဖြစ်တဲ့နေရာနဲ့ဆို (၂) မိုင်ကျော်လောက် ဝေးတယ်။ မှား ကြဲတာလား တမင်သက်သက်ကြဲတာလားတော့ မပြောတတ်ဘူး။ ပထမတစ်ခါ ကြဲတုန်းက ဘယ်သူမှ မထိဘူး။ ဒုတိယတစ်ခါ လာ ကြဲတော့မှ နှစ်ယောက်ထိတာ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မတ်လ (၁၇) ရက်နေ့မှစ၍ တနင်္သာရီမြို့နယ် သိန်ခွန်း ကျေးရွာအုပ်စုတွင် တိုက်ပွဲများ ပြင်းထန်နေပြီး စစ်ကောင်စီတပ် က အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်နေ သည့်အပြင် လေကြောင်းတိုက်ခိုက်မှုများကိုလည်း လုပ်ဆောင် နေသည်။



# စစ်မှုထမ်းသင်တန်းသားများ၏ ရင်ဖွင့်စကားသံများ

မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် အဓမ္မစစ်မှုထမ်းစေခြင်း၏ ပကတိမြေပြင်အခြေအနေကို သိရှိနိုင်ရန်အတွက်လည်းကောင်း၊ အဓမ္မစုဆောင်းခြင်းခံရသည့် စစ်မှုထမ်းသင်တန်းသားများ၏ အတွေ့အကြုံနှင့် ခံစားချက်များကို သိရှိနိုင်ရန်အတွက်လည်း စစ်ကောင်စီ၏တပ်စခန်းများကို စွန့်ခွာပြီး တော်လှန်ရေးတပ်ဖွဲ့များထံသို့ ခိုလှုံလာသည့် စစ်မှုထမ်းသင်တန်းသားအချို့ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

**တွေ့ဆုံမေးမြန်းခြင်း (၁) - ကိုချမ်းမွန် (မွန်ပြည်နယ်)**

ကျွန်တော်ကတော့ ထိုင်းနိုင်ငံမှာ မွေးတာ။ မြန်မာနိုင်ငံကို တစ်ခါမှ ပြန်မလာဘူးဘူး။ ၂၀၂၄ မတ်လကပေါ့။ ထိုင်းနိုင်ငံကနေ (မိဘတွေရဲ့)ဇာတိဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ် လမိုင်းမြို့ကို ပြန်တာ။ ကော့သောင်းဘက်က ပြန်လာတာ။ မှတ်ပုံတင်မရှိလို့ဆိုပြီး စစ်တပ်က ဖမ်းခေါ်သွားတယ်။ သူတို့က (၇) ရက်လောက် ထိန်းသိမ်းထားတယ်။ အဲလိုနေ့,နေရင်းက (၁) လကြာလာတော့ မှတ်ပုံတင်လုပ်ပေးမယ်တဲ့။ အဲအချိန်အထိက အေးအေးဆေးဆေးပဲ ပြောတယ်။ မှတ်ပုံတင်လည်း လုပ်ပြီးရော မြိတ်က စစ်သားစုဆောင်းရေးစခန်းကို ခေါ်သွားတယ်။ အဲအချိန်မှာ စစ်သားအဖြစ် စုဆောင်းခံလိုက်ရပြီဆိုတာ ကျွန်တော် သိလိုက်ရတယ်။

စစ်မှုထမ်းအပတ်စဉ် (၅) က ၂၀၂၄ စက်တင်ဘာလမှာ စပြီး နိုဝင်ဘာလမှာ ပြီးတယ်။ ထားဝယ်ဘက်မှာ စစ်သင်တန်းတက်ရတယ်။ သင်တန်း (၃) လမှာ နေ့တိုင်း စိတ်ဆင်းရဲရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကို ဝင်လာဖို့က အစကတည်းက စိတ်ကူးလည်း မရှိဘူး။ တွေးလည်း မတွေးခဲ့ဘူးဘူး။ စရောက်ကတည်းက ထွက်ပြေးချင်နေတာ။ ကိုယ့်မိဘတွေကလည်း ထိုင်းမှာ။ ဖုန်းပြောချင်ရင် သူတို့ရှေ့ အနီးအနားမှာပဲ ပေးပြောတယ်။ ခဏခဏပြောလို့လည်း မရဘူး။ သင်တန်းထဲမှာ

ဆို ကျွန်တော့်လိုပဲ အဖမ်းခံရတဲ့သူတွေနဲ့ မဲပေါက်ပြီးဝင်လာရတဲ့သူတွေ များတယ်။ ကိုယ့်သဘော နဲ့ကိုယ် ဝင်လာတာ မရှိသလောက်ရှားတယ်။

လစာအနေနဲ့က (၂) သိန်းကျော် ပေးမယ် ပြောတယ်။ တကယ်တမ်းကျတော့ (၁) သိန်း (၄) ထောင် ပဲ ရတယ်။ စစ်သင်တန်းပြီးရင် လုံခြုံရေးပဲ လုပ်ခိုင်းမယ်၊ စစ်မတိုက်ခိုင်းဘူး ပြောတယ်။ သင်တန်း ပြီးတော့ အရင်ဦးဆုံး မော်လမြိုင်စစ်သင်တန်းကျောင်းကို ပို့တယ်။ ပြီးတော့ သံဖြူဇရပ်မြို့နယ် ကျိုက်ခမီက (၂၀၈) တပ်ရင်းကို ပို့တယ်။ အဲကနေပြီးတော့ ရဲတံခွန် (သံဖြူဇရပ်) က ရှေ့တန်း စစ်မျက်နှာပြင်ကို အပို့ခံလိုက်ရတယ်။

အဲရဲတံခွန်ရှေ့တန်းနေရာမှာပဲ သင်တန်းတုန်းကခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်က သူ့မှာ အလင်းဝင်ဖို့ အဆက်အသွယ်ရှိတယ်ဆိုပြီး ပြောတယ်။ ဒီဘက်ဒေါနဲ(စစ်ကြောင်း)ဘက်က လူတွေ နဲ့ ဖုန်းပြောပြီးတော့ (သူတို့က) နေရာတစ်ခုမှာ စောင့်ခိုင်းတယ်။ သူတို့ဘက်က လာကြိုကြတယ်။ ဒေါနစစ်ကြောင်းဘက်ကို (၇) ယောက်လောက် အလင်းဝင်ခိုလှုံလာခဲ့တယ်။ ဒီရောက်ကတည်းက ကိုယ့်ကိုယ်ကို လွတ်လပ်သွားတယ်လို့ ကျွန်တော်ခံစားရတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာက ဒီလိုမျိုး စစ်မှုထမ်းသင်တန်းကို ရောက်သွားပြီဆိုရင် ဒီဘက်ကို လမ်းရှာ အဆက်အသွယ်ရှာပြီး ရောက်အောင်လာပူးပေါင်းပါ။ စစ်တပ်ဘက်ကနေ အသက်ပေးပြီး မတိုက်ပါနဲ့။ သူတို့အတွက် အသက်ပေးရလောက်အောင် မတန်ဘူး။

“

စစ်သင်တန်းပြီးရင် လုံခြုံရေးပဲ လုပ်ခိုင်းမယ်၊ စစ်မတိုက်ခိုင်းဘူး ပြောတယ်။ သင်တန်းပြီးတော့ အရင်ဦးဆုံး မော်လမြိုင်စစ်သင်တန်းကျောင်းကို ပို့တယ်။ ပြီးတော့ သံဖြူဇရပ်မြို့နယ် ကျိုက်ခမီက (၂၀၈) တပ်ရင်းကို ပို့တယ်။ အဲကနေပြီးတော့ ရဲတံခွန် (သံဖြူဇရပ်) က ရှေ့တန်းစစ်မျက်နှာပြင်ကို အပို့ခံလိုက်ရတယ်။

**တွေ့ဆုံမေးမြန်းခြင်း (၂) - ကိုကျော်စွာဝင်း (ရောဝတီတိုင်း)**

ကျွန်တော်က ပခုက္ကူမြို့က။ မြိုင်မြို့နယ်မှာ ရေနံအလုပ်,လုပ်နေတာ။ အပတ်စဉ် (၅) စစ်သင်တန်းအတွက် မဲပေါက်တယ်ဆိုပြီး ရွာအုပ်ချုပ်ရေးမှူးနဲ့ မိဘတွေက ဖုန်းဆက်လာတယ်။ မဲနှိုက်မထားဘဲနဲ့ ဘယ်လိုပေါက်လဲပေါ့။ "မင်း ပြန်လာရမယ်" တဲ့။ ကျွန်တော်လည်း "ဒီမှာ အလုပ်မပြီးသေးဘူး၊ ပြန်လာလို့ မရဘူး" လို့ ပြန်ပြောလိုက်တယ်။ အလုပ်လုပ်တဲ့နေရာမှာ (၁၅) ရက်လောက် ဆက်နေလိုက်သေးတယ်။ နောက်တော့ အုပ်ချုပ်ရေးမှူးက ဖုန်းပြန်ဆက်လာတယ်။ "မင်း ပြန်မလာလို့ မရဘူး၊ ပြန်မလာရင် ဒီမှာရှိနေတဲ့ မင်းမိဘတွေကို ဖမ်းမယ်ချုပ်မယ်" ဆိုပြီး မိသားစုနဲ့ ခြိမ်းခြောက်တယ်။ အဲတော့ အလုပ်ရှင်ကို အကျိုးသင့်အကြောင်းသင့် ရှင်းပြပြီးတော့ ရွာကို ပြန်လာခဲ့ရတယ်။

ပြန်လာပြီး ရွာမှာ (၉) ရက်လောက် နေလိုက်ရသေးတယ်။ ပြီးတော့မှ ရေကြည်မြို့နယ်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်စာနဲ့ စုဆောင်းရေး (၉၀၇) မှာ (၂၈) ရက်လောက် နေရတယ်။ နောက်တော့မှ စစ်သင်တန်းကျောင်းရှိတဲ့ အမှတ် (၆) ခြေမြန်တပ်ရင်းကို ပို့တာ။

သင်တန်းကာလက ၂၀၂၄ စက်တင်ဘာ (၉) ရက်နေ့ကနေ နိုဝင်ဘာ (၂၉) ရက်နေ့အထိ (၃) လပေါ့။ တစ်နေကုန် သင်တန်းပြီးသွားလည်း ညဘက်အချိန်မှာ night study ဆိုပြီး ရှိသေးတယ်။ (၆) ခွဲကနေ (၉) ခွဲအထိ ဝင်ရတယ်။ အဲဒါပြီးမှ အဆောင်ကို ပြန်ရတယ်။ ပြန်ရောက်တာနဲ့ သူတို့က အပြင်ကနေ တံခါးပိတ်လိုက်တယ်။

သင်တန်းကာလအတွင်းမှာ မိသားစုဝင်တွေနဲ့ အဆက်အသွယ်မလုပ်ခိုင်းဘူး။ ကျွန်တော်တို့နဲ့ ပါလာတဲ့ဖုန်းကို သင်တန်းစရောက်ကတည်းက သိမ်းလိုက်တယ်။ သူတို့ဖုန်းတွေနဲ့လည်း ပေးမဆက်သွယ်ခိုင်းဘူး။ ကျွန်တော်တို့ကို မိသားစုဝင်တွေနဲ့ အဆက်အသွယ်ဖြတ်ထားတယ်။

သင်တန်းကာလမှာတော့ (၂) သိန်း (၄) ထောင် ရတယ်။ လစာပေါ့နော်။ ပြီးတော့ သင်တန်းဆင်းပြီးလို့ အပြင်တပ်ရင်းတွေကို ရောက်ရင် (၃) သိန်း (၇) သောင်း ပေးမယ်ပြောတယ်။ အမှန်က အဲလောက် မရဘူး။ (၂) သိန်းနဲ့ (၄) ထောင်ပဲ ရတယ်။ (၃) လအတွင်းမှာ တစ်လကို အဲလောက်ရတယ် ပြောတာ။ သူတို့က ဟိုဖြတ်ဒီဖြတ်တာနဲ့ (၁) သိန်းကျော်ကျော်ပဲ ကျန်တယ်။ လမ်းစရိတ်လောက်ပေါ့။ ကျွန်တော်တို့ စည်းကမ်းဖောက်လို့ ဖြတ်တာ မဟုတ်ဘူး။ သူတို့က သင်တန်းအတွက် ဟိုဟာဝယ်မယ်၊ ဒီဟာဝယ်မယ် (ပြောပြီး ဖြတ်တာ)။ ယူနီဖောင်းကအစ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်ရတယ်။ အသုံးအဆောင်ပစ္စည်း၊ ခါး၊ ပေါက်တူး၊ မြက်ရိတ်စက် ပြီးတော့ ညဘက်တွေ မီးမလာရင် ခါတ်ဆီဖိုးကအစ အဲပိုက်ဆံကနေ ဖြတ်တယ်။

သင်တန်းအတွင်းမှာ စစ်တပ်ကို ကျန်တဲ့အဖွဲ့အစည်းတွေက ဘယ်လိုတိုက်တိုက် နိုင်မှာမဟုတ်ဘူးလို့ စစ်တပ်က ကျွန်တော်တို့ကို ပြောတယ်။ ပြီးတော့ ဒီထဲရောက်လာတာကလည်း မင်းတို့ကို စစ်တိုက်ခိုင်းဖို့ မဟုတ်ဘူး၊ တပ်ရင်းမှာ လုံခြုံရေးအရပဲ ထား,ထားမှာလို့ ပြောတယ်။

သင်တန်းဆင်းပြီးတော့ ကျွန်တော်တို့သင်တန်းကျောင်းက လူ (၂၅၂) ယောက်ကနေ အယောက် (၈၀) လောက်ကို ကား (၆) စီးနဲ့ ရန်ကုန်စစ်ကြောရေး (၁) ကို ပို့လိုက်တယ်။ အဲမှာ (၂) ည အိပ်ပြီးတော့ ကားပေါ်တက်ဆိုပြီး မော်လမြိုင်ဘက်ကို သင်္ဘောနဲ့ ရောက်လာတယ်။ ကျိုက်မရော (၂၀၈) တပ်ရင်းမှာ (၁) လလောက် နေလိုက်ရတယ်။ အဲတပ်ရင်းမှာ စစ်သားတွေ မရှိတော့ဘူး။

ရှေ့တန်းစစ်ဆင်ရေးအနေနဲ့ ရဲတံခွန်က ဂျပန်တောင်ကို ပို့ထားတယ်။

သူငယ်ချင်းတစ်ယောက်က (အလင်းဝင်ဖို့) အဆက်အသွယ်ရှိတယ်တဲ့။ ကျွန်တော် တစ်ယောက်တည်း ရုန်းကန်ပြီး ထွက်လာမလို့ပဲ။ နောက်မှ ဘယ်သူပါဦးမလဲဆိုပြီး ထွက်မယ့် သူတွေကို စည်းရုံးတယ်။ "စော့ကောင်တွေ သွားမယ်။ အခု ဒီမှာနေလည်း ပြည်သူကို ကာကွယ် ပေးနေတာလည်း မဟုတ်ဘူး။ သူတို့အာဏာနဲ့ သူတို့အကျိုးစီးပွား တည်မြဲဖို့ပဲ။ အဲ့အတွက် ငါတို့ အသက်ကို မပေးနိုင်ဘူး" ဆိုပြီးတော့ စည်းရုံးတယ်။ အဲဒါနဲ့ ကျွန်တော်နဲ့ တခြားသူငယ်ချင်း (၆) ယောက်က ဒီဒေါနစစ်ကြောင်းဆီကို ထွက်လာတာ။ သူငယ်ချင်းက ဆက်သွယ်ပေးပြီး ထွက် လာကြတာ။

ဒီကို ရောက်ပြီး ဘယ်လိုခံစားရလဲဆိုတော့ ကျွန်တော်တို့ တပ်ထဲမှာတုန်းက ဗိုလ်မှူးက ကျွန်တော်တို့ကို ပြောထားတာက "မင်းတို့ မပြေးနဲ့၊ မသွားနဲ့။ မင်းတို့ သွားလည်း PDF တွေ က မင်းတို့ကို တစ်ရက်နှစ်ရက်ပဲ ကောင်းကောင်းကျွေးထားမှာ။ မင်းတို့ဆီက လိုချင်တဲ့ အချက်အလက်တွေ တောင်းပြီးရင် မင်းတို့ကို သတ်ပစ်မယ်" တဲ့။ အဲလို ကျွန်တော်တို့ကို အကြောက်တရား ထည့်ထားတယ်။

ဒါပေမဲ့ အတွေ့အကြုံဆိုတာ ရှိပြီးသားပဲလေ။ အဲတော့ သူတို့ ဘာပြောပြော မယုံဘူး။ ဒီဘက် ကိုရောက်တော့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ (ကြိုဆိုတယ်)။ ရောက်တဲ့နေ့ကစပြီး ညီအစ်ကိုတွေလို ဆက်ဆံတယ်။ ကျွန်တော်ကတော့ လွတ်လပ်သွားတယ်လို့ ကိုယ့်ကိုယ်ကို ခံစားရတယ်။ လောလောဆယ်တော့ ဒီကိုရောက်လာပြီးကတည်းက အခက်အခဲတွေ မရှိတော့ ပါဘူး။ မိသားစုနဲ့လည်း အဆက်အသွယ်ရပါပြီ။ စိုးရိမ်တာက ကျန်ခဲ့တဲ့ ကျွန်တော့်မိသားစုတွေ ကို (စစ်တပ်က) လာပြီးတော့ အကြပ်ကိုင် ဖမ်းသွားမှာကိုပဲ။

နောက်ဆုံးအနေနဲ့ ပြောချင်တာက ပြည်သူ့စစ်မှုထမ်းတဲ့သူ၊ ဗိုလ်မှူးနဲ့ စစ်သားတွေရောပေါ့။ အာဏာရှင်စနစ် အမြန်ဆုံးကျစေချင်ရင် ကျွန်တော်တို့လိုပဲ အမြန်ဆုံးလာရောက်ပူးပေါင်းပေး ကြပါ။ သူတို့ရဲ့ အာဏာနဲ့ အကျိုးစီးပွားအတွက် ပြည်သူ့အသက်တွေကို ပေးဆပ်နေရတာ မတန်ဘူး။ လာရောက်ပူးပေါင်းပါလို့ တိုက်တွန်းပြောဆိုချင်ပါတယ်။

**တွေ့ဆုံမေးမြန်းခြင်း (၃) - ကိုဝိုင်းချစ် (တနင်္သာရီတိုင်း)**

၂၀၂၄ စက်တင်ဘာလ (၈) ရက်နေ့မှာ အိမ်မှာ အိပ်နေရင်းနဲ့ စစ်တပ်က ကားနဲ့ လာပြီး တော့ မူးယစ်ဆေးဝါးအမှုနဲ့ လာဖမ်းတာ။ ရဲစခန်းကို ရောက်တော့ သူတို့က မင်း ထောင်ကျခံမ လား၊ စစ်မှုထမ်းမလားတဲ့။ ကျွန်တော်လည်း "ထောင်ကျခံမယ်" လို့ ပြောလိုက်တော့ သူတို့ဘက် က စာရွက်တစ်ရွက် ပေးပြီး လက်မှတ်ထိုးခိုင်းတယ်။ "မထိုးဘူး" လို့ ပြောလိုက်တယ်။ အမေ ကလည်း ရောက်မလာတော့ အောက်တိုဘာလ (၄) ရက်နေ့မှာ စစ်မှုထမ်းအဖြစ် အပို့ခံလိုက်ရ တယ်။

အဲဒီနေ့က အမှတ် (၁၂) ပုလောခရိုင် စစ်လေ့ကျင့်ရေးကျောင်းကို ပို့လိုက်တယ်။ အပတ်စဉ် (၅) အတွက် ကျွန်တော်အပါအဝင် (၃၈၇) ယောက် ရှိတယ်။ သင်တန်းစတက်ချိန်မှာ ပစ္စည်း (၁၁) မျိုး ပေးတယ်။ ပထမလစာအနေနဲ့ (၁၈၀,၀၀၀) ကျပ် ပေးတယ်။ နောက် (၂) လအကြာမှာ (၂) သိန်း နဲ့ (၄) ထောင် ပေးတယ်။ ဖြတ်တာနဲ့ (၁) သိန်းခွဲလောက်ပဲ ကျန်တယ်။

သင်တန်းမှာ PDF တွေက ကျွန်တော်တို့ကို နှိပ်စက်ပြီး လိုင်းပေါ်တင်မယ်။ လိုချင်တဲ့သတင်းတွေ မေးပြီးရင် သတ်ပစ်မယ်လို့ ပြောတယ်။ နောက်တစ်ခုက လူတိုင်းက မင်းတို့ကို မြင်ရင် ကြောက်နေရမယ်လို့ ပြောတယ်။ အဲလိုမျိုးတွေ ပြောနေတာရှိတယ်။

၂၀၂၄ ဒီဇင်ဘာလ (၂၉) ရက်နေ့မှာ သင်တန်းဆင်းပြီး မိခင်တပ်ရင်းဖြစ်တဲ့ (၅၅၈) ကနေ မွန်ပြည်နယ် ကျိုက်မရောက အမှတ် (၂၀၈) ခြေမြန်တပ်ရင်းကို ပို့လိုက်တယ်။ ရက် (၂၀) ကျော်ကျော်လောက် နေပြီးတော့ ရဲတံခွန်ဘက်က စစ်မြေပြင်ကို ပို့လိုက်တယ်။

အရင်ကလည်း တော်လှန်ရေးအဖွဲ့တွေကို ချိတ်ဆက်ထားတာ ရှိတယ်။ စစ်မြေပြင်ရောက်တော့ ဖုန်းကို မနက် (၇) နာရီမှာ ပေးတယ်၊ ညနေပိုင်းဆိုရင် အကုန်ပြန်သိမ်းတယ်။ ကျွန်တော်က ပြန်မပေးဘဲ သိမ်းထားတယ်။ ကျွန်တော်နဲ့ ညီအစ်ကိုလို ခင်နေတဲ့သူ (၄) ယောက်က တော်လှန်ရေးမှာ လုပ်နေတာ ရှိတယ်။ သူတို့ကို အကူအညီတောင်းတော့ ကူညီပေးမယ်တဲ့။ လူတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို ပေးတော့ ဆက်သွယ်လိုက်တယ်။ သူငယ်ချင်းတွေကိုလည်း ပြောထားတယ်။ ကိုယ်ဖြစ်ရင် ကိုယ်ခံပဲလို့။ ထွက်လာတဲ့အချိန်မှာတော့ နည်းနည်းကြောက်တယ်။ သေမှာတော့ မကြောက်တော့ဘူး။

ဒီကို စရောက်ကတည်းက ညီအစ်ကိုမောင်နှမလိုပဲ ဆက်ဆံတယ်။ မိဘအိမ်မှာလိုပဲ နေရတယ်။ တစ်ပတ်တစ်ကြိမ် မိသားစုတွေနဲ့ အဆက်အသွယ်ရတယ်။ အခုချိန်ထိတော့ စစ်တပ်က မိဘတွေကို ခြိမ်းခြောက်ပြောဆိုတာမျိုးတော့ မရှိသေးဘူး။ မေးရင်လည်း သေသွားပြီလို့ ပြောလိုက်။ အဆက်အသွယ်ရရင်လည်း သူ ပြန်မလာတော့ဘူးလို့ ပြောလိုက်ဖို့ မှာထားတယ်။



“

ရဲစခန်းကို ရောက်တော့ သူတို့က မင်း ထောင်ကျခံမလား၊ စစ်မှုထမ်းမလားတဲ့။ ကျွန်တော်လည်း “ထောင်ကျခံမယ်” လို့ ပြောလိုက်တော့ သူတို့ဘက်က စာရွက်တစ်ရွက် ပေးပြီး လက်မှတ်ထိုးခိုင်းတယ်။ “မထိုးဘူး” လို့ ပြောလိုက်တယ်။ အမေကလည်း ရောက်မလာတော့ အောက်တိုဘာလ (၄) ရက်နေ့မှာ စစ်မှုထမ်းအဖြစ် အပို့ခံလိုက်ရတယ်။

# အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်သူများ ဖမ်းဆီးခံရမှု စံချိန်တင်



**မတ် ၂၅၊ ၂၀၂၅**

စစ်တပ်က အာဏာသိမ်းပြီးနောက် (၄) နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ စီးပွားရေးကြပ်တည်းမှုများနှင့် အလုပ်အကိုင်ပြဿနာများ ဖြစ်ပွားနေသည့် အပြင် ၂၀၂၃ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် စစ်ကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြန်သည်။

လူမှုစီးပွားပြဿနာများနှင့် စစ်မှုထမ်းဥပဒေကို ရှောင်တိမ်းရန်အတွက် ပြည်တွင်းရှိ သိန်းနှင့်ချီသော လူငယ်လူရွယ်များသည် ပြည်ပနိုင်ငံများ အထူးသဖြင့် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်နှင့် ကိုးရီးယား နိုင်ငံများကို အစုလိုက်အပြုံလိုက် ထွက်ခွာလာကြသည်။

၂၀၂၄ နှစ်ကုန်တွင် စစ်ကောင်စီက လူငယ်များပြည်ပထွက်ခွာမှုကို ပိတ်ပင်တားမြစ်လိုက်သဖြင့် လူငယ် များသည် ပြည်ပသို့ အထူးသဖြင့် ထိုင်းနိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှတဆင့်သာ ထွက်ခွာနေကြရ သည်။

ထိုင်း - မြန်မာနယ်စပ်တလျှောက်တွင်လည်း “ကျားဖြန့်” အွန်လိုင်းငွေလိမ်ဂိုဏ်းများကို နှိမ်နင်းရန် အတွက်ဟုဆိုကာ ထိုင်းအစိုးရက လုံခြုံရေးတင်းကြပ်ထားပြီး ထိုင်းနိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းနေသ ည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို နေ့စဉ်ဖမ်းဆီးနေသည်။

မွန်လူထုအသံက ရရှိထားသည့် အချက်အလက်များအရ ၂၀၂၅ ဇန်နဝါရီလတွင် ဘုရားသုံးဆူ - ကန်ချ နပူရီလမ်းကြောင်းမှတဆင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူ အထောက်အထားမဲ့မြန်မာနိုင်ငံသား (၃၀၀) ကျော်ကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့ပြီး ဖေဖော်ဝါရီလတွင်လည်း မြန်မာနိုင်ငံသား (၃၄၆) ဦးကို ထိုင်းနယ်ခြားစောင့်တပ်က ထပ်မံဖမ်းဆီးခဲ့ပြန်သည်။

မတ်လ (၁၁) ရက်နေ့တွင်လည်း ကလေးသူငယ်များအပါအဝင် အထောက်အထားမဲ့မြန်မာနိုင်ငံသား (၂၃) ဦးကိုလည်းကောင်း၊ မတ်လ (၁၉) ရက်နေ့တွင် အထောက်အထားမဲ့မြန်မာနိုင်ငံသား (၁၉) ဦးကို

လည်းကောင်း ထိုင်းရဲတပ်ဖွဲ့က စံခလပူရီတွင် ဖမ်းဆီးခဲ့သည်။

"အခုကာလမှာ ထိုင်းဘက်က အဖမ်းအဆီးတွေ ပိုလုပ်လာတယ်။ မြန်မာနိုင်ငံမှာ စစ်မှုထမ်းခေါ်တာကို ပိုတင်းကြပ်လာသလို ပြည်ပထွက်ခွင့်ကိုလည်း ပိတ်လိုက်တော့ ဒီဘက်လမ်းကြောင်းကို ပိုလာကြတယ်။ ဒီအချိန်မှာ ပွဲစားတွေကလည်း လုပ်စားနေကြတယ်။ လမ်းစရိတ်တွေ အများကြီးတောင်းတယ်။ အဖမ်းခံရရင် တာဝန်မယူကြဘူး" ဟု ဖြစ်စဉ်ကိုသိရှိသူတစ်ဦးက ပြောသည်။

ဘုရားသုံးဆူမြို့အနီးရှိ တောင်တက်လမ်းမှတဆင့် ကန်ချနပူရီသို့ ကုန်းလမ်းဖြင့်လည်းကောင်း၊ ထိုင်း - မြန်မာနယ်စပ်ရှိ စံခလပူရီ (ဒေသအခေါ် မွန်ရွာဟောင်း) မှ ကန်ချနပူရီသို့ ရေလမ်းဖြင့်လည်းကောင်း အများဆုံးဝင်ရောက်နေကြသည်။

"ထိုင်းမှာ ဖမ်းနေပေမဲ့ ပွဲစားစကားကို ယုံပြီး လာကြတော့ တစ်နေ့ကို အယောက် (၁၀၀) ကျော်လောက် ထိုင်းဘက်ကို ဝင်လာနေကြတယ်" ဟု မော်လမြိုင် - ဘုရားသုံးဆူလမ်းကြောင်းက ယာဉ်မောင်းတစ်ဦးက ပြောသည်။

ထိုင်းအစိုးရက ကျားဖြန့်နှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကို တားဆီးရေးစသည့် လုပ်ငန်းစဉ် (၃) ရပ်ကို (၆) လ အထူးစီမံချက်ဖြင့် လုပ်ဆောင်နေသည်။

စီမံချက်ကာလအတွင်း ၂၀၂၅ ဖေဖော်ဝါရီလ (၁၈) ရက်နေ့မှ (၂၄) ရက်နေ့အထိ အထောက်အထားမဲ့ မြန်မာနိုင်ငံသား (၅,၀၀၀) ကျော်ကို ဖမ်းဆီးခဲ့ပြီး ဖြစ်သည်။

"အခုဆိုရင် နေ့ရောညပါ စစ်ဆေးနေတယ်။ စံခလပူရီမှာဆိုရင် လှေဆိပ်မှာ လုံခြုံရေးချထားတယ်။ ကိုယ်ဝန်ရှိနေလို့ အရေးတကြီးဆေးရုံသွားရမှာတောင် မသွားရဲဘူး။ တကယ်လို့ ထိုင်းဆေးရုံကို မသွားနိုင်ဘူးဆိုရင် မြန်မာပြည်ကိုပဲ ပြန်ပြီး မွေးရမှာပဲ" ဟု အထောက်အထားမဲ့ ကိုယ်ဝန်ဆောင်တစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်ရန်အတွက် ပွဲစားခအနေဖြင့် တစ်ဦးကို ထိုင်းဘတ် (၁၅,၀၀၀) မှ (၂၅,၀၀၀) အထိ ပေးဆောင်နေရပြီး ပွဲစားစကားကို အယုံမလွယ်ကြရန် ရွှေ့ပြောင်းလုပ်သား အရေး ဆောင်ရွက်ပေးနေသူများက တိုက်တွန်းပြောဆိုထားသည်။

ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား (၅) သန်းဝန်းကျင်အထိ ရှိနေပြီး စစ်ကောင်စီလက်ထက် ထိုင်းနိုင်ငံသို့ ဝင်ရောက်လာသူ ရွှေ့ပြောင်းလုပ်သားဦးရေ (၄) သိန်းကျော် ရှိကြောင်း ရွှေ့ပြောင်းလုပ်သား အရေး ဆောင်ရွက်ပေးနေသူများထံမှ သိရှိရသည်။






# ကော့ကရိတ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား (၂) ဦး သေဆုံး

**မတ် ၂၁၊ ၂၀၂၅**

၂၀၂၅ မတ်လ (၁၉) ရက်နေ့တွင် စစ်ကောင်စီက နေပြည်တော် လေတပ်မှ Yak-130 တိုက်လေယာဉ်ဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ် နယ်မြေဖြစ်သည့် တဘလုခိုခီကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် (၃၆) နှစ်အရွယ် အမျိုးသား (၁) ဦးနှင့် အသက် (၃၀) အရွယ် အမျိုးသား (၁) ဦးတို့ သေဆုံးခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

“တိုက်ပွဲမရှိဘဲ လေယာဉ်နဲ့ အမြဲတမ်းဗုံးလာကြဲနေတာ။ ခုရက်ပိုင်းဆို ကော့ကရိတ်နားမှာလည်း စစ်ရေးတင်းမာနေတော့ လက်နက်ကြီးနဲ့ရော လေယာဉ်နဲ့ပါ ရမ်းသမ်းပစ်ခတ်နေတာ” ဟု ဒေသခံတစ်ဦးက ပြောသည်။

ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ် (၁) လုံးနှင့် ဂိုဒေါင် (၁) လုံးပါ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။


မတ်လ (၄) ရက်နေ့တွင်လည်း ကော့ကရိတ်မြို့နယ် ဘော့ဒိုင်း ကျေးရွာကို လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ် (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၃) ဦး ဒဏ်ရာရပြီး စာသင်ကျောင်း (၁) ကျောင်းနှင့် ဆိုင်ကယ် (၁) စီး ထိခိုက်ပျက်စီးခဲ့သည်။

မတ်လ (၅) ရက်နေ့တွင်လည်း ကော့ကရိတ်မြို့နယ် အစွန်းကျေးရွာကို တိုက်လေယာဉ်ဖြင့် လာရောက်ဗုံးကြဲမှုကြောင့် အမျိုးသမီး (၂) ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၃) လုံး ပျက်စီးခဲ့သည်။

ကော့ကရိတ်မြို့အနီးတဝိုက်၌ စစ်ရေးပြန်လည်တင်းမာလာချိန်တွင် စစ်ကောင်စီက စစ်ရေးပစ်မှတ်မဟုတ်သည့် ဘာသာရေး အဆောက်အဦးများ၊ ဆေးရုံဆေးပေးခန်းများ၊ စာသင်ကျောင်းများနှင့် အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို လေကြောင်းနှင့် လက်နက်ကြီးတို့ဖြင့် ရမ်းသမ်းပစ်ခတ်နေကြောင်း ကရင်အမျိုးသား အစည်းအရုံး (ဗဟို) က ထုတ်ပြန်ထားသည်။

# စီမံကိန်းမှမြေသယ်ကားများ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲ ဖြစ်

မတ် ၂၆၊ ၂၀၂၅



မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းစီမံကိန်းမှ (၆) ဘီးတပ် မြေသယ်ကားများက အပြိုင်အဆိုင်လမ်းဖြတ်ကျော် မောင်းနှင်မှုများကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲကြုံနေကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်းများအတွက် မြေသယ်ကား (၁၀) စီးကို ငှားရမ်းထားပြီး အခေါက်ရေအပေါ်မူတည်ပြီး မြေကားတစ်စီးလျှင် ငွေကျပ် (၆၀,၀၀၀) မှ (၈၀,၀၀၀) အထိ ရရှိနေကြောင်း ဒေသခံများက ပြောသည်။

အခေါက်ရေများများရရှိရန်အတွက် မြေသယ်များကို အလျင်စလို မောင်းနှင်မှုကြောင့် လမ်းသွားလမ်းလာပြည်သူများ အန္တရာယ်ဖြစ်စေသည်။

"မြေသယ်ကား (၁၀) စီးလောက် ရှိတယ်။ အခေါက်ရေများရင် များသလို ပိုက်ဆံရတယ်။ အဲတော့ အခေါက်ရေများများရဖို့ အပြိုင်အဆိုင်မောင်းကြတယ်။ ကားမောင်းတာလည်း ကြမ်းတယ်။ အဲတော့ ဒေသခံတွေက လမ်းပေါ်မတက်ရဲဘူး။ လမ်းဘေးအောက်ချပြီး မောင်းနေရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် မြေသယ်ကားမောင်းသူများသည် ဒေသခံများ၏မြေကွက်မှ မြေများကို ခိုးယူတူးဖော်ပြီး စီမံကိန်းကုမ္ပဏီများထံသို့ သွားရောက်ရောင်းချနေမှုများလည်း ဖြစ်ပွားနေသည်။


"အရင်လက မြေသယ်ကားသမားတွေက အိမ်နားကမြေကွက်ကို တူးပြီး စီမံကိန်းဝန်ထမ်းတွေဆီကို သွားရောင်းစားတာ။ အဲပြဿနာကို သူတို့ ဘယ်လိုဖြေရှင်းလိုက်လဲ မသိဘူး။ အခုတော့ အသံတိတ်နေကြတယ်" ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါစီမံကိန်းသည် မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းနှင့် ဝဲကလိကျေးရွာကြားတွင် တည်ရှိပြီး စီမံကိန်းဧရိယာ (၄,၆၂၆.၂၉) ဧက ရှိသည်။ စီမံကိန်းလုပ်ငန်းများကို ၂၀၂၄ နှစ်ဝင်ဘာလတွင် စတင်လုပ်ဆောင်ခဲ့သည်။

> "အရင်လက မြေသယ်ကားသမားတွေက အိမ်နားက မြေကွက်ကို တူးပြီး စီမံကိန်းဝန်ထမ်းတွေဆီကို သွားရောင်းစားတာ။ အဲပြဿနာကို သူတို့ ဘယ်လိုဖြေရှင်းလိုက်လဲ မသိဘူး။ အခုတော့ အသံတိတ်နေကြတယ"

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီကနေ မတ်လအထိ ၂၀၂၅




မွန်ပြည်နယ် - ၃ ကြိမ်


ကရင်ပြည်နယ် - 0 ကြိမ်

တနင်္သာရီတိုင်းဒေသ - ၅ ကြိမ်





အမျိုးသား - ၇ ဦး(၅ ဦးဒဏ်ရာရ/ ၂ ဦးသေဆုံး) ၊ အမျိုးသမီး - ၆ ဦး(၅ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၁ ဦးဒဏ်ရာ


# ၂၀၂၅ ဇန်နဝါရီကနေ မတ်လအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၃၃) ဦး၊ အမျိုးသမီး(၁၄)ဦး၊အမျိုးသား(၁၀)ဦး၊ ကလေးသူငယ်(၉)ဦး






သေဆုံးသူ စုစုပေါင်း (၁၄) ဦး၊ အမျိုးသမီး(၇)ဦး၊အမျိုးသား(၇)ဦး၊ ကလေးသူငယ်(၀)ဦး




# ၂၀၂၅ ဇန်နဝါရီကနေ မတ်လအထိ ဒရုန်း နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၃၄) ဦး၊ အမျိုးသမီး(၁၁)ဦး၊အမျိုးသား(၁၈)ဦး၊ ကလေးသူငယ်(၅)




သေဆုံးသူ စုစုပေါင်း (၂) ဦး၊ အမျိုးသမီး(၂)ဦး၊အမျိုးသား(၀)ဦး၊ ကလေးသူငယ်(၀)ဦး



မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။


# ၂၀၂၅ မတ်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှု အခြေအနေများ

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ မတ်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၂၇) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၀၇) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၂၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၄၄) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၅ မတ်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

မတ်လ ၂၀၂၅



# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်
# မတ်လ ၂၀၂၅

## Kyike Hto Township

1. Artillery Attack and injured
2. Drone attack and injured
3. Artillery attack and killed
4. Fled home and IDPs

## Bilin Township

1. Arbitrarily arrested
2. Drone attack and injured

## Mawlamyine Township- 3 cases


1. Collects HH list
2. Education issues- 2 times
3. Livelihood

## Mudon Township

1. Killed
2. Livelihood
3. Livelihood

## Thanbyuzayat

1. Landmine injured




## Paung Township

1. Not released yet

## Thanton Township

1. Child rape

## Ye Township(9) cases

1. Fled home and IDPs
2. Burn down house
3. Livelihood
4. Extort money - 2 times
5. Arrested local civilians
6. Livelihood
7. Cuf-off Telecomunication
8. Rule of law


**Total Cases in Mon State - 21 Cases**



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် မတ်လ ၂၀၂၅

## Karen State





### Kaw Ka Rate Township

1. Air assault and injured
2. Air assault and Killed
3. Artillery Attack and injured

### Three Pagoda Pass Town


1. Arrested local civilians
2. Arrested local civilians

**Total Cases**
5 cases



မွန်လူထုအသံ

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်
# မတ်လ ၂၀၂၅




## Yephyu Township

1. Collects HH list
2. Artillery attack and killed

## Lon Long Township

1. Artillery Attack and injured
2. Fled home and IDPs
3. Arbitrarily arrested
4. Artillery Attack and injured

## Myeik Township

1. **Arrested local civilians**

## Tha Yet Chaung

1. **Air assault and injured**

## Bondpyin Township

1. **air assault and injured**

## Dawei Township-3cases

1. Fled home and IDPs
2. Fled home and IDPs
3. Arrested local civilians

## Pulaw

1. Artillery Attack and injured


## Tenasserim Township

1. Air assault and injured
2. Air assaults and burns house
3. Artillery attack and killed
4. Air assault and Killed

## Kaw Thaung

1. Arbitrarily Arrested- 2 times

# Total Cases - 18



# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

မတ်လ ၂၀၂၅

## Mon State

**IDPs -36,000** | **Killed -11** | **Injured - 36**

## Karen State

**IDPs -55,000** | **Killed -9** | **Injured -43**

## Tanintharyi Region

**IDPs -67,000** | **Killed -22** | **Injured -46**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်  နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂)  လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့်  ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့  စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော  လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND